February 24 , 2023 Volume 63, Number 18

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

## ၂၄.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၅၃၀၀၀ |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## စိုက်ပျိုးရေးစရိတ်မြင့်တက်လာ၍ ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်နေဟုဆို

ယခုနှစ် စိုက်ပျိုးရေးစရိတ်သည် ယခင်နှစ်ထက် မြင့်တက်လာသည့်အတွက် ပြည်တွင်းဆန်ဈေးနှုန်းမှာ မြင့်တက်လာခြင်းဖြစ်ကြောင်း မူဆယ်ဆန်စပါး ကုန်စည်ဒိုင်ဒုဥက္ကဋ္ဌ ဦးမင်းသိမ်းကပြောသည်။ “ဒါကတော့ ပုံမှန်ဖြစ်တတ်ပါတယ်။ တရုတ်နယ်စပ်မှာလည်းကောင်းနေတယ်။ Over sea ကလည်းထွက်တယ်။ နောက်တစ်ခါဆန်ဈေးတက်လာမှာပဲ။ ပြီးခဲ့တဲ့နှစ်ထက်စာရင် ဒီနှစ်က စိုက်ပျိုးရေး စရိတ်အရမ်းကွာသွားပြီ။ ဒါကြောင့် ဒီနှစ်မှာ စိုက်ပျိုးရေးစရိတ်မြင့်မားတဲ့အတွက် ဈေးတက်တာလည်းပါပါတယ်”ဟု ၎င်းကပြောသည်။

လက်ရှိ ပြည်တွင်းဆန်ဈေးနှုန်းမှာ ရွှေဘိုပေါ်ဆန်း (ဆန်အသစ်) တစ်အိတ် ၈၆၀၀၀ ကျပ်မှ ၉၀၀၀၀ ကျပ်၊ရွှေဘိုပေါ်ဆန်း (အဟောင်း) တစ်အိတ် ၁၂၀၀၀၀ ကျပ်ဝန်းကျင် ၊ ဆန်ချော (ဧရာဝတီပေါ်ဆန်းအုပ်စုဝင်ဆန်) ၁ အိတ် ၆၇၀၀၀ ကျပ် မှ ၇၇၀၀၀ ကျပ် ၊ ဆန်ကြမ်းအဟောင်း (ငစိန်၊ ဧယာ အုပ်စုဝင် ) ၁ အိတ် ၆၅၀၀၀ ကျပ် မှ ၇၂၀၀၀ ကျပ်ဖြစ်ကြောင်းသိရသည်။ “စပါးဈေးက ၂၀ ကျော်တယ်ဆိုတာ မဟုတ်ပါဘူး။ ၁၄-၁၅ ပဲရှိတယ်။ စိုက်ပျိုးရေးစရိတ်ကတော့ ပြီးခဲ့တဲ့နှစ်နဲ့ဆိုရင် ခေါက်ချိုးနီးပါးမြင့်တက်လာတာပေ့ါ။ ဒါပေမယ့် ခေါက်ချိုးနီးပါးမြင့်တက်လာပေမယ့် စပါးဈေးကတက်မလာဘူး။ ဆန်ဈေးပဲမြင့်သွားတာ။ အခုဆန်ဈေးမြင့်တာက အရင်နှစ်ထက်စာရင်ပိုဆိုးတာပေ့ါ။ လယ်သမားတွေအတွက်က သိပ်ပြဿနာ မရှိပေမယ့် လက်လုပ်လက်စားသမားတွေအတွက်ကတော့ ပိုပြီးတော့ဆိုးမှာပေ့ါ။ မိုးတွင်းဘက်ဆိုရင် ပိုဆိုးသွားမှာပေ့ါ။ အလုပ်အကိုင်ကလည်း ရှားပါးသွားတဲ့အချိန် ဖြစ်ပါတယ်” ဟု စပါးကုန်သည် ဦးဘိုဘိုကိုကပြောသည်။

လက်ရှိတွင် ဆန်ဈေးနှုန်းထိန်းချုပ်နိုင်ရန် အစိုးရနှင့်ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်နေပြီး၊ အခြေခံအလုပ်သမားများ၊ ဝန်ထမ်းမိသားစုများ သက်သာ စေရန် ညွှ်မထ ၁၀ ရာခိုင်နှုန်းအဆင့် 10 kg(၅ ပြည်ခန့်) တစ်အိတ်ကို ၁၀၀၀၀ ကျပ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=104660

## ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်ရရှိထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ၁၀ လကျော်ကာလအတွင်း နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၀ ဘီလီယံကျော်ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ပြည်ပသို့ လယ်ယာထွက်ပစ္စည်း၊ တိရိစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားပစ္စည်းတို့ကို တင်ပို့နေခြင်းဖြစ်သည်။

ယင်းမှ နိုင်ငံပိုင်ကဏ္ဍကနေ သတ္တုတွင်းထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၉ သန်း၊ သစ်တောထွက်ပစ္စည်း ၂ ဒသမ ၄၄သန်း၊ စက်မှုကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆ ဘီလီယံနှင့် အခြားကဏ္ဍတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၈၄ သန်းတင်ပို့ထားခြင်းဖြစ်သည်။

ယခင်ကာလတူဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၅၂၆ ဒသမ ၄၁ သန်းကျော်ပိုမိုရရှိခဲ့ကြောင်း သိရသည်။ ယင်းအပြင် သွင်းကုန်တင်သွင်းမှုမှလည်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ရရှိထားကြောင်းလည်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

**Source:** https://www.popularmyanmar.com/?p=104682

## ထောပတ်ပဲကို ၂၀၂၃ -၂၄ ဘဏ္ဍာနှစ်ထဲ ပြည်ပတင်ပို့မှုမှာ ကန်ဒေါ်လာ ၂၅ ဒသမ ၈၁ သန်းရဖို့ မျှော်မှန်း




ပြည်တွင်းဈေးကွက်မှာပင် ဈေးကောင်းရနေတဲ့ ထောပတ်ပဲကို လာမယ့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ တန်ချိန် ၂၉၀၀၀ လောက်အထိ တင်ပို့သွားဖို့ ရှိနေပါတယ်။

လာမယ့် ဘဏ္ဍာနှစ်မှာ ပဲတစ်တန်လျှင် ကန်ဒေါ်လာ ၈၉၀ နဲ့ စုစုပေါင်း ကန်ဒေါ်လာ ၂၅ ဒသမ ၈၁ သန်းဖိုးရရှိဖို့ မျှော်မှန်းထားတယ်လို့လည်း သိရပါတယ်။ ပြင်ဆင်မှုအနေနဲ့ လာမယ့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ထောပတ်ပဲ တင်ပို့ရောင်းချရာမှာ ဧပြီလမှဇွန်လအတွင်း ထောပတ်ပဲတန်ချိန် ၇၂၅၀ ၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း ထောပတ်ပဲတန်ချိန် ၇၂၅၀ အောက်တိုဘာမှဒီဇင်ဘာလအထိ ထောပတ်ပဲတန်ချိန် ၇၂၅၀၊ ဇန်နဝါရီမှ မတ်လအထိ ထောပတ်ပဲတန်ချိန် ၇၂၅၀ စသဖြင့် စုစုပေါင်း ထောပတ်ပဲ တန်ချိန် ၂၉,၀၀၀ ကို လအပိုင်းအခြားအလိုက် တင်ပို့ရောင်းချသွားဖို့ လျာထားတာပါ။

အဆိုပါ ထောပတ်ပဲများကို ပြည်ပဖောက်သည်ဈေးကွက်ကို တင်ပို့ရောင်းချရာမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ရဲ့ ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ကန်ဒေါ်လာ ၁၈ ဒသမ ၀၈၅ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကန်ဒေါ်လာ ၃ ဒသမ ၁၀၅ သန်း စုစုပေါင်းကန်ဒေါ်လာ ၂၁ ဒသမ ၁၉ သန်းဖိုး တင်ပို့ရောင်းချနိုင်ခဲ့တာလို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။

ပြည်တွင်းမှာဆိုရင်လည်း ထောပတ်ပဲဈေးဟာ ဈေးကွက်စတင်ဖွင့်လှစ်ခဲ့တဲ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာတော့ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ သာပေါက်ဈေးရှိခဲ့ပေမယ့် ၎င်း ၂၀၂၂ နှစ်အတွင်းမှာပင် ငွေကျပ် ၁၂၅၀၀၀ မှ ၁၆၂၅၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး လက်ရှိ ၂၀၂၃ ခုနှစ်မှာဆိုရင် သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၁၅၀၀၀ ကျပ်မှ ၂၃၀၀၀၀ ကျပ်အထိ ဈေးရှိလာတယ်လို့ သိရပါတယ်။

ထောပတ်ပဲကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေက အဓိကစိုက်ပျိုးပြီး မကွေးတိုင်းဒေသကြီးရဲ့ မင်းဘူး၊ ဆင်ဖြူကျွန်းနဲ့ စလင်းဒေသများ၊ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် မလှိုင်၊ တောင်သာ၊ နွားထိုးကြီးဒေသများနှင့်စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂန့်ဂေါ ၊ ကလေး၊ ကလေးဝ ၊ ရွှေဘို ၊ ကဘော်ချိုင့်ဝှမ်းဒေသတွေမှာ အများဆုံးစိုက်ပျိုးနေပါတယ်။

**Source: MFN**

https://t.me/htwettoe

## တရုတ်နိုင်ငံဈေးကွက် ပြန်လည်ဖွင့်လှစ်ပြီးနောက် ဗီယက်နမ်နိုင်ငံ၌ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် အမှာစာများ တိုးတက်လာ

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံအနေဖြင့် အခြားလယ်ယာထွက်ကုန်သီးနှံများထက် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် အမှာစာများရရှိမှု ပိုမိုတိုးတက်လာကြောင်း၊ တရုတ်နိုင်ငံ၏ ဈေးကွက်ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ဗီယက်နမ်မှ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်လုပ်ငန်းများသည် တရုတ်နိုင်ငံသို့တင်ပို့မှု ပိုမိုအားကောင်းလာခဲ့ကြောင်းသိရပါသည်။

ပြီးခဲ့သည့်နှစ်တွင် ဗီယက်နမ်နိုင်ငံမှ လတ်ဆတ်သစ်သီးဝလံအမျိုးအစားများစွာကို တရုတ်နိုင်ငံသို့ တရားဝင် လမ်းကြောင်းမှတစ်ဆင့် တင်ပို့ခွင့်ရရှိခဲ့ပြီး၊ အခြားဈေးကွက်များသို့လည်း တင်ပို့ခွင့်ရရှိခဲ့ပါသည်။ ယခုနှစ်တွင် ဗီယက်နမ် နိုင်ငံအနေဖြင့် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှ ဝင်ငွေအနည်းဆုံး (၂၀) ရာခိုင်နှုန်း တိုးတက်မှုရရှိရန်နှင့် အမေရိကန်ဒေါ်လာ (၄) ဘီလျံခန့်ရရှိရန် မျှော်မှန်းထားပါသည်။

ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံစိုက်ပျိုးမြေ (၁.၂၁) ဟက်တာသန်းရှိပြီး၊ တန်ချိန် (၁၈.၆၈) သန်းခန့်ထွက်ရှိကြောင်း သိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များသည် အရည်အသွေးမြင့်မားမှု၊ အစားအသောက်ဘေးကင်း လုံခြုံရေးစိတ်ချရမှုတို့နှင့်အတူ ကမ္ဘာ့ဈေးကွက်တွင် ဂုဏ်သတင်းကောင်းများရရှိထားပြီးဖြစ်ကြောင်း ဗီယက်နမ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အသင်း (VinaFruit) ၏ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ပြောကြား ပါသည်။

လာမည့်ကာလများတွင် လယ်ယာထွက်ကုန်တင်ပို့မှု အားကောင်းလာစေရေး၊ ပို့ကုန်လုပ်ငန်းရှင်များအတွက် အခြေအနေကောင်းများဖန်တီးပေးရေးနှင့် အထူးသဖြင့် တရုတ်နိုင်ငံဈေးကွက်အတွက် သတင်းအချက်အလက် နည်းပညာများအသုံးပြု၍ ဒီဂျစ်တယ်ပလက်ဖောင်းမှတစ်ဆင့် ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်များကို တိုးမြှင့်လုပ်ဆောင် သွားရန် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Nguyen Sinh Nhat Tan က ပြောကြားပါသည်။ ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ပထမအကြိမ် ဗီယက်နမ်-ရှန်ဟိုင်း (တရုတ်) ကုန်သွယ်မှုဖိုရမ်ကို ကျင်းပရန်စီစဉ်ထားကြောင်းလည်း ၎င်းကပြောကြားပါသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံလုပ်ငန်းများ၏ ထုတ်ကုန်များတန်ဖိုးမြင့်တက်လာစေရန်အတွက် ထုတ်လုပ်မှုနှင့် ပြုပြင်မှုပိုင်းတွင် နည်းပညာများကို တက်တက်ကြွကြွ အသုံးပြုသွားကြရန် အကြံပြုထားပါသည်။

ကမ္ဘာ့ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံဈေးကွက်သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၃၄၂) ဘီလျံခန့်အထိ ရောက်ရှိမည်ဟုခန့်မှန်းထားကြောင်း၊ ဗီယက်နမ်၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်လုပ်ငန်းများအနေဖြင့် သယ်ယူ ပို့ဆောင်ရာတွင် ဆုံးရှုံးနိုင်ခြေကိုလျှော့ချနိုင်ရန်အတွက် တစ်ဆင့်တက်ပြုပြင်ထုတ်လုပ်သည့် သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်ကဏ္ဍကို ပိုမိုအာရုံစိုက်ဆောင်ရွက်သင့်ကြောင်း ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးထွက်ကုန် ပြုပြင်ထုတ်လုပ်မှုနှင့်ဈေးကွက်ဖွံ့ဖြိုးရေးဌာန၏ ဒုတိယအကြီးအကဲဖြစ်သူ Le Thanh Hoa က ပြောကြားပါသည်။

ကျော်စိန်ဝင်း (STP)

Source: https://www.freshplaza.com/ , https://en.vietnamplus.vn/

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ကုလားပဲဖြူလုံးသေး၊ CPပြောင်းဖူးစေ့၊ ပဲတီစိမ်းသေး၊ မတ်ပဲ ၊ ကုလားပဲ 929၊ ပဲစဉ်းငုံ၊ ပဲကြီးနှင့်ကုလားပဲဖြူလုံးကြီး သီးနှံဈေးနှုန်းများ အနည်းငယ်ကျဆင်းသွားသည်။ ယခုတစ်ပတ်အတွင်း သီးနှံ များ တစ်တင်းပေါက် ဈေးနှုန်းများမှာ ပဲစဉ်းငုံ (၆၅၅၀၀)ကျပ်၊ မတ်ပဲ(၆၀၀၀၀-၆၀၅၀၀)ကျပ်နှင့် ပဲတီစိမ်း(သေး) (၄၃၀၀၀)ကျပ်ပေါက်ဈေးရှိသည်။ ယခင်တစ်ပတ်အတွင်း ကာလတူ

ပေါက်စျေးနှုန်းများမှာ ပဲစဉ်းငုံ တစ်တင်းလျှင် (၆၆၀၀၀) ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၆၁၀၀၀-၆၁၅၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၅၂၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၄၅၀၀၀)ကျပ် ပေါက်စျေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူ အချိန်နှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်းသေးတစ်တင်းလျှင် (၂၀၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၁၀၀၀)ကျပ်၊ ပဲစဉ်းငုံတစ်တင်းလျှင် (၅၀၀)ကျပ် အနည်းငယ်ကျဆင်းသွားကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း ပဲကြီးတစ်တင်းလျှင် (၇၅၀၀၀-၇၆၀၀၀)ကျပ် ရှိပြီး ယခင်တစ်ပတ်ကာလတူ စျေးနှုန်းများမှာ ပဲကြီးတစ်တင်းလျှင် (၇၁၀၀၀-၈၀၀၀၀ )ကျပ်ရှိ၍ ယခုတစ်ပတ် ကာလတူ ပေါက်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲကြီးစျေးနှုန်းများ ကျဆင်းသွားကြောင်းသိရသည်။

ကုလားပဲ (မျိုးစုံ)ပေါက်စျေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၃၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး(သစ်) (၆၂၅၀၀) ကျပ်၊ 929(သစ်) (၆၁၀၀၀)ကျပ် ပေါက်စျေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်စျေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၄၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (သစ်) (၆၄၀၀၀) ကျပ်၊ 929(သစ်) (၆၂၅၀၀) ကျပ် ပေါက်စျေးရှိ၍ ယခင်ပတ်အတွင်း ကာလတူပေါက်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက 929၊ ကုလားပဲဖြူလုံးသေးနှင့် ကုလားပဲဖြူလုံးကြီး စျေးနှုန်းများ အနည်းငယ်ကျဆင်းကြောင်းသိရသည်။ CPပြောင်းဖူးစေ့တစ်တင်းလျှင် (၂၂၆၀၀) ကျပ် ပေါက်စျေးရှိသည်။ ယခင်အပတ် ကာလတူပေါက်စျေးနှုန်းမှာ CPပြောင်းဖူးစေ့ တစ်တင်းလျှင် (၂၂၇၀၀)ကျပ်ရှိ၍ ယခင် အပတ်နှင့်နှိုင်းယှဉ်ပါက CP ပြောင်းဖူးစေ့ စျေးအနည်းငယ် ကျဆင်းနေကြောင်းသိရပါသည်။

**Source:** ဖေယျာကုန်သွယ်မှုဇဟိုဌာန

## မန္တလေးကုန်စည်ဒိုင်၏ ကုလားပဲစျေးနှုန်း မြင့်တက်လာ

ဖေဖော်ဝါရီလ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်စျေးကွက်တွင် ပဲမျိုးစုံအရောင်း အဝယ်ဖြစ်လျက်ရှိရာ ကုလားပဲအုပ်စုအနေဖြင့် ပြည်တွင်းသုံးစွဲမှုမြင့်မားလာကာ၊ ပြည်ပပို့ကုန်သမားများဝယ်ယူနေခြင်း၊ ပြည်တွင်းပဲခွဲစက်များ အဝယ်လိုက်နေခြင်း၊ ပို့ကုန်ပဲများကို တရုတ်နှင့်အိန္ဒိယမှ ဝယ်ယူနေသောကြောင့် စျေးမြင့်လာခြင်းနှင့်အတူ ပြည်တွင်းသုံး ပဲများလည်း စျေးကောင်းရရှိနေကြောင်း မန္တလေးကုန်စည်ဒိုင်စျေးကွက်မှသိရသည်။

**ကုလားပဲဖြူလုံးကြီး(V-2)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၈၀၀၀ မှ ၊ ယခင်တစ်ပတ် ကျပ် ၁၈၅၀၀၀ မှ ၁၈၆၀၀၀ ၊ ယခင်လ ကျပ် ၁၈၄၀၀၀ မှ ၁၈၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၃၀၀၀ ၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၄၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ (ထိုင်ဝမ်)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၇၀၀၀၊ ယခင်လ ကျပ် ၁၆၈၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက်ကျပ် ၅၀၀၀၊ ယခင်လ ကျပ် ၁၄၀၀၀ မြင့်တက် လာသည်။

**ကုလားပဲ(929)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၀၅၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၁၀၀၀ ၊ ယခင်လ ကျပ် ၁၇၁၀၀၀ မှ ၁၇၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၈၅၀၀ မှ ၉၅၀၀ မြင့်တက်လာသည်။

**ကုလားပဲဖြူလုံးကြီး(V-7)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၆၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၈၅၀၀၀ မှ ၁၈၆၀၀၀၊ ယခင်လ ကျပ် ၁၈၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၁၀၀၀ နိမ့်ကျလာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇဟိုဌာန

## e-Visa (Business) ရယူထားသည့်နိုင်ငံခြားသားများအနေဖြင့် Online e-Stay Extension ဖြင့် ဗီဇာသက်တမ်းတိုးနိုင်

မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းစဉ်များ လျှင်မြန်စွာအကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ကမ္ဘာ့လှည့်ဗီဇာ e-Visa (Tourist) နှင့် လုပ်ငန်းဗီဇာ e-Visa (Business) တို့ကို ၁-၉-၂၀၁၄ ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးခဲ့ပါသည်။

ကိုဗစ်-၁၉ ဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း ကျဆင်းလာပြီးနောက် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ ဝင်/ထွက်သွားလာမှု လွယ်ကူချောမွေ့စေရန် ၁-၄-၂၀၂၂ ရက်နေ့မှစတင်၍ e-Visa (Business) ကိုလည်းကောင်း၊ ၂၀-၅-၂၀၂၂ ရက်နေ့မှစတင်၍ e-Visa (Tourist) ကိုလည်းကောင်း သတ်မှတ်ချက်များနှင့် အညီ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်နိုင်ရေးအတွက် ပြန်လည်လျှောက်ထားခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်၍ e-Visa (Business) ရယူကိုင်ဆောင်ပြီး မြန်မာနိုင်ငံအတွင်း ရောက်ရှိ အလုပ်လုပ်ကိုင်သူ နိုင်ငံခြားသားများအနေဖြင့် e-Stay Extension (Stay & SRV/MJSRV) ကို Online ဖြင့် သက်တမ်းတိုးနိုင် ပါကြောင်းနှင့် e-Stay Extension Website (http://estay.moip.gov.mm) တွင် ဝင်ရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းရရှိပါသည်။

https://mitc.myantrade.gov.mm/post/International%20News

**MITC News**

## ငှက်ပျောသီးတင်ပို့မှုတွင် ဂျပန်နိုင်ငံသို့ ဈေးကွက်ဝင်ခွင့် ပိုမိုရရှိရန် ဖိလစ်ပိုင်ဆောင်ရွက်မည်

ဖိလစ်ပိုင်နိုင်ငံမှ ဂျပန်နိုင်ငံသို့တင်ပို့သည့် ငှက်ပျောသီးများအတွက် ရာသီချိန်တွင် ကောက်ခံသည့်အခွန် (Seasonal Tariff) အား ဖယ်ရှားပေးရန်နှင့် တန်ဖိုးဖြည့်ခွန် (VAT) ပေးချေမှုအပေါ် ပြန်အမ်းငွေဆိုင်ရာကိစ္စရပ်များအား ဖြေရှင်းနိုင်ရေး တို့ကို ဂျပန်-ဖိလစ်ပိုင် စီးပွားရေးမိတ်ဖက်သဘောတူညီချက် (Japan-Philippines Economic Partnership Agreement-JPEPA) ပြန်လည်သုံးသပ်ခြင်းအစီအစဉ်တွင် ဖိလစ်ပိုင်နိုင်ငံက တိုက်တွန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ Cavendish အမျိုးအစား ငှက်ပျောသီးတင်ပို့မှုအတွက် ရာသီချိန်တွင် အခွန် ၁၈ ရာခိုင်နှုန်းပေးဆောင် ရပြီး၊ ကုန်ကျစရိတ်ကြီးမြင့်မှုကြောင့် ဈေးကွက်တွင် ၎င်း၏အကြီးဆုံးယှဉ်ပြိုင်ဘက် အီကွေဒေါနိုင်ငံနှင့် ပီရူး၊ မက္ကဆီကို စသည့်နိုင်ငံများအား ဈေးကွက်ဝေစုဆုံးရှုံးလျက်ရှိကြောင်း၊ ရာသီချိန်ပြင်ပတွင် ကောက်ခံသည့် အခွန်နှုန်းထား (Offseason tariff) မှာ ၈ ရာခိုင်နှုန်းရှိကြောင်း၊ မက္ကဆီကိုနိုင်ငံအနေဖြင့်မူ ဂျပန်နိုင်ငံသို့ တစ်နှစ်ပတ်လုံး အခွန်သုညရာခိုင်နှုန်းဖြင့် တင်ပို့ခွင့်ရရှိနေကြောင်းသိရပါသည်။

၂၀၂၁ ခုနှစ်၊ ဂျပန်နိုင်ငံ၏ ငှက်ပျောသီးတင်သွင်းမှုတွင် ဖိလစ်ပိုင်နိုင်ငံသည် တန်ချိန် (၈၄၄) သန်းဖြင့် ဈေးကွက်ဝေစု ၇၆ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ ယခင်နှစ်များတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဈေးကွက်ဝေစုသည် အမြင့်ဆုံးအဖြစ် ၉၀ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၊ Mindanao ဒေသရှိ ငှက်ပျောသီးနှင့်နာနတ်သီးစိုက်ပျိုးသူများက ဂျပန်နိုင်ငံဈေးကွက် ပိုမိုရရှိရေးကို တောင်းဆိုလျက်ရှိကြကြောင်း သိရပါသည်။

**ကျော်စိန်ဝင်း** (STP)

Source: https://www.freshplaza.com/

## STOCK EXCHANGE (24.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,763 (Shares) | 10,349,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | -100 | -1.19% | 8,400 | 8,500 | 8,300 | 1,042 | 8,708,100 | 33,109,694 | 274,810 |
| MTSH | 00002 | 3,050 | +50 | +1.67% | 3,100 | 3,100 | 3,050 | 61 | 186,100 | 38,929,150 | 118,734 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,047 |
| FPB | 00004 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,700 | 520 | 884,000 | 29,664,613 | 50,430 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 50 | 130,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 90 | 441,000 | 10,497,598 | 51,438 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Feb. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.41 | -1.62 | -0.43% | 378.24 | 379.27 | 374.41 | 1,763 | 10,349,200 | 7 | 659,740 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 24th Feb. 2023

| Trading Volume | Trading Value |
|---|---|
| 1,763 (Shares) | 10,349,200 (MMK) |

### Main Board

As of 1:00 pm, 24th Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,763 (Shares) | 10,349,200 (MMK) |

| MYANPIX | 374.41 ▼ 1.62 |
|---|---|
| Total Volume (shares) | 1,763 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 659,740 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,700 | ▼ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |